# ဗိုလ်ချုပ်၏ခေါင်းဆောင်အင်္ဂါ

ဆရာ မောင်ထင်

**မြန်မာတစ်ပြည်လုံးကိုသူ၏ဘိုးဘပိုင်ပစ္စည်းပမာပြုကျင့်နိုင်ပါ၏၊ သို ့သော်သူသည်ထိုသို့မပြုကျင့်ခဲ့၊ ဗိုလ်ချုပ်သည် တော်လှန်ရေး ကိုစေတနာသန့်သန့်နှင့်လုပ်ကိုင်ခဲ့သူဖြစ်လေရာသူ့ရည်ရွယ်ချက်သည်လွတ်လပ်ရေးမှရအပ်သော ဆုလာဘ်သပ္ပကာတို ့ကိုချိန်သည့်ရည်ရွယ်ချက်မျိုးမဟုတ်ချေ၊ ထို ့ကြောင့်ယနေ့လူဖြစ်လာသောသူ၏ရည်မှန်းချက်သည်ရှေ့ ကသွားနှင့်သောလူကြီးတို ့၏ခြေရာကိုနင်းနိုင်ကြဖို ့ဖြစ်သင့်၏၊**

"သေသူကိုရှင်သူကတရပါလိမ့်" ဟူသောခေတ်သည်ယနေ့ အထိ မကုန်သေးချေ။ ထို့ကြောင့်ဗိုလ်ချုပ်နှင့်စပ်လျဉ်းသမျှသော နေ့ကြီးရက်ကြီးတို့တွင်ဗိုလ်ချုပ်အားမတဘဲမနေနိုင်ကြချေ။ သို့သော် တမ်းတလွမ်းဆွတ်သောစိတ်သည် ဝေဒနာ သက်သက်မျှဖြစ်၍ ကျိုးကြောင်းဆင်ခြင်တုံတရားတို့ကို တွေဝေစေတတ်၏။ ဤအကြောင်းကြောင့် ကျွန်တော်သည် ဗိုလ်ချုပ်၏ဘဝ ဖြစ်စဉ်ကို အလျဉ်းသင့်၍ရေးသားမိသည့် အခါတိုင်း နိုင်ငံ၏အကျိုးကိုသယ်ပိုးဆောင်ရွက်သူတို့သည်ပူဆွေး သောမီးကို ငြိမ်းစေ၍၊ ဗိုလ်ချုပ်၏နိုင်ငံရေး အတွေးအခေါ်နှင့် လုပ်ငန်း စဉ်တို့ကိုသာအာရုံ ပြုပြီးလျှင်ကျွန်ုပ်တို့ရှင်စေ ခြင်းငှာသေသွားသောသူကိုအမှတ်တရကျေးဇူး ဆပ်ပါမည့်အကြောင်းရေးသားမိခြင်း ဖြစ်၏။



ကျွန်ုပ်တို့နိုင်ငံသည်ပမာဏအားဖြင့်ငယ်၏။ လူဦးရေအားဖြင့်လည်းမများလှ။ နိုင်ငံသက်အားဖြင့်လည်း နုသေးသည်။ ထို့ကြောင့်ခေါင်းဆောင်ရှား ၏။ ကျွန်ုပ်တို့သည်ယနေ့အဖို့၌စွမ်းစွမ်းတမံဆောင်ရွက်နေကြသောခေါင်းဆောင်တို့ကို မြင်နေကြရပါသေး၏။ ကံကောင်းလှပြီဟုဆိုနိုင်ပါသေး၏။ သို့သော်သမိုင်းအစဉ်ကိုကြည့်လျှင်တစ်နေ့အဖို့ တစ်နေ့စာ ကိုကြည့်၍မပြီး။ လာလတ္တံ့သောနေ့တို့ကို မျှော်မှန်းရဦးမည် ဖြစ်၏။ ဤသို့မျှော်မှန်းသည် ရှိသော် ယခု ကျွန်ုပ်တို့နှင့်အတူ တကွရှိသော ခေါင်းဆောင်တို့၏ခေတ်ကုန်လျှင် ၎င်းတို့နှင့်အလားတူစွမ်းစွမ်းတမံဆောင်ရွက်ကြမည့် ခေါင်းဆောင် ဟူသည်အဘယ်မှာနည်း။

ဤအတွေးသည်လူထု၏စိတ်နှလုံးထဲတွင် ကိန်းအောင်း နေသော အတွေးဖြစ်၏။ ဤ အတွေးသည် လူထု၏နောင်ရေးစိုးရိမ်ချက် ဖြစ်၏။ အကယ်၍ ဤနိုင်ငံ၌ ခေါင်းဆောင် ပီသသော ပုဂ္ဂိုလ်တို့ ပေါ်များကြွယ်ဝလျက်ရှိပါလျှင် ဤကဲ့သို့သော စိုးရိမ်ချက်မျိုးသည် မရှိတန်ရာ။ ထို့ကြောင့်ယနေ့လူဖြစ်လာသောသူ၏ရည်မှန်းချက်သည်ရှေ့ကသွားနှင့်သောလူကြီးတို့၏ခြေရာကိုနင်းနိုင်ကြဖို့ဖြစ်သင့်၏။

ရှေးခေတ်နိုင်ငံရေးအတွေးအခေါ်၌လူကြီးများကိုကန်ချခြင်းသည်လူကြီးများ၏ခြေရာနင်းခြင်းပင်ဖြစ်သည်ဟုယူဆကြဟန်တူ၏။ ဤနည်းဖြင့်ဒိုင်အာခီနှင့် ၉၁ ဌာနအုပ်ချုပ်ရေးခေတ်တွင်လူငယ်တစ်ဦးသည်လူကြီး တစ်ဦး ထံ၌အန္တေဝါသိကတပည့်ခံ၍ထိုလူကြီးကိုကန်ချခဲ့ဖူးပြီ။

**ကျွန်ုပ်တို ့ရှင်စေခြင်းငှာ**
**သေသွားသောသူကိုအမှတ်တရကျေးဇူး**
**ဆပ်ပါမည့်အကြောင်းရေးသားမိခြင်း**
**ဖြစ်၏**

သို့သော် ထိုသို့ကန်ချခြင်းသည် ကန်ချသူကိုလည်း ကောင်းကျိုးမပေးခဲ့။ တိုင်းပြည်ကို လည်း ကောင်းကျိုးမပေးခဲ့။ ကန်ချခြင်းကို နိုင်ငံရေးအဘိဓမ္မာဟုယူဆသောရပ်ကွက်၊ ဒေသ၊ တိုင်း၊ နိုင်ငံဟူသရွေ့တို့၌နိုင်ငံရေးသည်တုတ်တစ်ပြက်ဒါးတစ်ပြက်မျှသာရှိနေသည်ကိုလက်တင်အမေရိကန်နိုင်ငံများ၏ယနေ့ အဖြစ်အပျက်တို့ကိုထောက်ဆ၍ သိသာလောက်ပေသည်။ ဗိုလ်ချုပ်သည်နိုင်ငံ၏ကြီးလေးသော တာဝန်တို့ကိုစတင်ထမ်းရွက်စဉ်ကအသက် နှစ်ဆယ်ကျော်မျှသာရှိသေးသည်။ သူ၏နိုင်ငံရေးကြိုးပမ်းမှုသက်တမ်းမှာ ဆယ်နှစ်ကျော်ကျော်

မျှသာရှိသည်။ ကွယ်လွန်သွားသောအခါ နိုင်ငံ၏တာဝန်ကိုထမ်းရွက်၍ အကောင်းဆုံးအရွယ်ဖြစ် သောအသက် ၃၄ နှစ်ခန့်တွင် ကွယ်လွန်ရရှာသည်။သို့ပါသော်လည်း နိုင်ငံတွင်လူကြီး၊လူလတ်၊ လူရွယ်၊ လူငယ်မရွေး ဗိုလ်ချုပ်အား လေးစားမြတ်နိုးချစ်ခင်ကြသည်။ ဤကဲ့သို့သော လူထုတစ် ရပ်လုံး ကြည်ညိုမှုရသည့် ခေါင်းဆောင်ဟူသည်မှာ တစ်ခေတ်တွင် တစ်ယောက်ပင်လျှင် ထွန်းကားဖို့ ခက်ပေသည်။ ထို့ကြောင့် ထိုခေါင်းဆောင်ကောင်းမျိုး၏ဂုဏ်အင်္ဂါအရည်အချင်းတို့ကိုလူတိုင်းလူတိုင်း ရယူနိုင်အောင်ကြိုးစားခြင်းသည် နိုင်ငံကောင်းကျိုးကို ဖြစ်ထွန်းစေနိုင်သောသမ္မာဝါယမ (ကောင်းသောအား ထုတ်ခြင်း) ဖြစ်လေသည်။
ကျွန်တော်ကားယနေ့လူငယ်များအား သမ္မာဝါယမလမ်းစဉ်ကိုညွှန်ပြလိုပါ၏။

**ဂျပန်နှင့်ပေါင်းခဲ့သော အမှားကို တာဝန်လုံးလုံးယူကာ ဂျပန်တော်လှန်ရေးဖြင့်အမှန်ရောက်အောင် ပြုပြင်ခဲ့ပေသည်။**

ထိုလမ်းစဉ်သည်မိမိတက်လာအောင် သူတစ်ပါးအားကန်ချသည့်လမ်းစဉ်မဟုတ်၊ မိမိအားသူတစ်ပါးကအလိုအလျောက် ခေါင်းဆောင်ဟုအသိအမှတ်ပြုစေသော လမ်းစဉ်ဖြစ်ရာမိမိအတွက်လည်းကောင်းကျိုးဖြစ်ထွန်းစေပါ၏။ နိုင်ငံအတွက်လည်း ကောင်းကျိုးဖြစ်ထွန်းစေပါ၏။

သို့ဖြစ်လျှင်ဗိုလ်ချုပ်၏ခေါင်းဆောင်ကောင်းအင်္ဂါများ မည်သို့ရှိပါသနည်းဟု ကျွန်ုပ်တို့သည်ဓမ္မဒိဋ္ဌာန် ဖြင့်ကြည့်ထိုက်ပေသည်။ ခေါင်းဆောင်ကို မှတ်ကျောက်တင်၍ ကြည့်ရန်အတွက် အချက်ငါးချက်ကို ဝန်ကြီးချုပ်ဟောင်းဦးနုသည် ဇွန်လ ၅ရက်နေ့ကဖဆပလ အမတ်ပေါင်းစုံ အစည်းအဝေးတွင် ပြဆိုခဲ့သည်။ ထိုအချက်ငါးချက်တို့မှာ
(၁) သတ္တိအရာ၌ နောက်လိုက်ငယ်သားတို့ထက်ပို၍သတ္တိရှိခြင်း၊
(၂) စွန့်စရာရှိလျှင်နောက်လိုက်ငယ်သား တို့ထက် ပို၍စွန့်ခြင်း၊
(၃) သန့်ရှင်းစရာရှိလျှင် နောက်လိုက်ငယ်သားတို့ထက် ပို၍သန့်ရှင်းခြင်း၊
(၄) အလုပ်လုပ်စရာရှိလျှင်နောက်လိုက်ငယ်သားတို့ထက် ပို၍လုပ်ခြင်း၊
(၅) ယူစရာရှိလျှင်(ဝါ) အကျိုးခံစားစရာရှိလျှင်နောက်လိုက်ငယ်သားတို့ထက်လျှော့၍ယူခြင်း၊ (ဝါ) လျှော့၍အကျိုးခံစားခြင်း ဟူ၍ဖြစ်ပါသည်။
သတ္တိအရာ၌ဗိုလ်ချုပ်အားအမွှန်းတင်ရန်လိုမည်မထင်။ ဗြိတိသျှခေတ်၌မြန်မာဟုဆိုလျှင်အသွားလေးလက်မထက်ရှည်သော ဒါးမြှောင်မျှပင် ကိုင်ဆောင်ခွင့်မရချေ။ သို့ပါလျက် မြန်မာအနေဖြင့် စက်သေနတ်ကိုင်နေသော ဗြိတိသျှစိုးမိုး သူတို့အား တော်လှန်ခဲ့၏။ ဤနေရာ၌ ဆရာစံသည်လည်း ထိုနည်းတူတော်လှန်ခဲ့သူဖြစ်ရာ ဆရာစံကိုလည်းကျွန်ုပ်တို့သတိရမိကြပေမည်။ သတိလည်းရထိုက်၏။ သူ၏ကျေးဇူးကိုလည်း အောက်မေ့ထိုက်၏။ သို့သော် ဗိုလ်ချုပ်၌သတ္တိပို၍ပြောင်စရာဖြစ်လာရခြင်းကားသတ္တိအပြင် ဗျူဟာလည်း ရှိခြင်းကြောင့်တည်း။ ဗိုလ်ချုပ်သည်အချိန်အခါကိုသိသော ဗျူဟာရှိ၏။ မြန်မာနိုင်ငံကိုစွန့်ပြေးသော ဗြိတိသျှအပေါ်၌ရှိသောသတ္တိထက်ဂျပန်တို့၏စစ်ဖိနပ်အောက်မှနေ၍ တော်လှန်နိုင်သောသတ္တိသည်သာ၍ထက်မြက်၏။ ထိုသတ္တိမှာ မိမိဆောင်ရွက်ရာ၌လမ်းလွဲသည်ကိုသိသည်နှင့်တစ်ပြိုင်နက် ထိုလွဲမှားသောလမ်းစဉ်သည်နောက်လိုက်ငယ်သား မည်သူမည်ဝါကရော်လို့၊ ညံ့ဖျင်းလို့၊ အသုံးမကျလို့ဟူသောသူတစ်ပါးအပေါ်၌အပြစ်ဖို့တတ်သည့်သဘောမျိုးမှကင်း စင်လျက် နောက်လိုက် အမှားသည် ငါ့အမှား၊ ငါအမှားကိုငါပြင်မည်ဟူသော စိတ်ဓာတ်ရှိသည့် သတ္တိမျိုးဖြစ်လေရာဗိုလ်ချုပ်သည်နောက် လိုက်ငယ်သားတို့၏အမှားအမှန် တာဝန်ဟူသမျှတို့ကိုလုံးဝယူခဲ့သည့်ပုဂ္ဂိုလ်ဖြစ်ပေသည်။ ရန်သူကို ရှေ့ဆုံးတန်းမှတက်၍ ချဝံ့သည့်သတ္တိရှိခြင်းပင်ဖြစ်၏။ သို့သော် ဤသို့ ချဝံ့သောသူသည် ရှုံးနိမ့်သောအခါရှုံးနိမ့်ရသောတာဝန်ကိုရဲရဲကြီးယူဖို့ကိုဝန်လေးတတ်သည်။

ဗိုလ်ချုပ်ကား ဤသို့ဝန်မလေး။ ဂျပန်နှင့်ပေါင်းခဲ့သော အမှားကို တာဝန်လုံးလုံးယူကာ ဂျပန်တော်လှန်ရေးဖြင့်အမှန်ရောက် အောင်ပြုပြင်ခဲ့ပေသည်။ ထို့နောက်ဘိလပ်သို့သွားရောက်၍ လွတ်လပ်ရေးကို အရေးဆိုခဲ့၏။
"ဘိလပ်ကပြန်လာတော့ ဘာပါသလဲလို့ ကျုပ်ကိုမေးကြလိမ့်မယ်။ ကျုပ်မှာဘောင်းဘီ တစ်စုံပဲပါလာတယ်"
ဘိလပ်ကအပြန်တွင် ဗိုလ်ချုပ်ကထိုကဲ့သို့အသံလွှင့်၏။ ဤစကားမှာအမှန်ပင်ဖြစ်၏။ တစ်သက်လုံးလူမှန်းသိသည့်အရွယ်ကစ၍ နိုင်ငံရေးလုပ်လာခဲ့သည်မှာသူ့အတွက် ဘောင်းဘီတစ်စုံသာကျန်၏။ နောက်ဆုံး၌ထိုဘောင်းဘီတစ်စုံကိုပင်စွန့်ခဲ့ရသေးသည်။

ဗိုလ်ချုပ်၏စိတ်ထားသန့်ရှင်းပုံမှာလည်း သူနှင့်လုပ်ဖော်ကိုင်ဖက်များ သိပြီးဖြစ်၏။ သန့်ရှင်းသောစိတ်တို့တွင်သာမန်အားဖြင့် လာဘ်မစားခြင်း၊ ဖြောင့်မတ်ခြင်း၊ နှိုင်းချိန်တတ်ခြင်း၊ ထောက်ထားညှာတာတတ်ခြင်းတို့သည် အကျုံးဝင်ပေသည်။ အထူးသဖြင့် ဘယာ၊ ဆန္ဒ၊ လောဘ၊ မောဟ ဟူသောအဂတိတို့ကို

မလိုက်စား။ မှန်သည်ထင်လျှင် ဇွတ်တိုးလုပ်ခြင်းမျိုး မဟုတ်ဘဲ မှား၏မှန်၏ကို ဝေဖန်ဆုံးဖြတ်ပြီးမှ မှန်သည်ကို လက်မလွှတ်ဘဲ ဖွဲ့နှင့်လုပ်လေ့ရှိ သည်။ လိုလျှင်လိုသလို၊ မလိုလျှင်မလိုသလို ပြုကျင့်သော အလေ့မရှိ။ ဦးရာလူပြောစကားကို လည်း လက်မခံတတ်။ လူနှင့်နီးစပ်အောင်နေ၍လူ့သဘောကို သိတတ်သူဖြစ်လေရာ သူ့အားကပ်၍ညာပေါင်းညာစားလုပ်ရန် ခက်လှသည်အရည်အချင်းကို အကဲဖြတ်၍အရည်အချင်း၏တန်ဖိုးကိုလေးစားသူဖြစ်လေရာအရည်အချင်းရှိသူတို့သည် ဗိုလ်ချုပ်ကို ယုံကြည်ကိုးစားကြ လေသည်။

ဗိုလ်ချုပ်သည်တော်လှန်ရေးကို စေတနာ သန့်သန့်နှင့် လုပ်ကိုင်ခဲ့သူဖြစ်လေရာသူ၏ ရည်ရွယ်ချက် သည်လွတ်လပ်ရေးမှရအပ်သော ဆုလာဘ် သပွကာ တို့ကိုချိန်သည့်ရည်ရွယ်ချက်မျိုး မဟုတ်ချေ။ "လွတ်လပ် ရေးရပြီးရင် ဆရာရယ် ကျွန်တော်တို့တစ်တွေမြန်မာ ယဉ်ကျေးမှုနဲ့နီးစပ်တဲ့ ယိုးဒယား၊ အင်ဒိုချိုင်းနား၊ မလေးကျွန်းဆွယ် ဆိုတာတွေကိုသွားပြီးလေ့လာကြရအောင်ဗျာ" ဟူ၍သူမသေမီ ဒီးဒုတ်ဦးဘချို၊ ဦးသိန်းဟန်၊ ဦးခင်ဇော်နှင့် ကျွန်တော်တို့အားပြောသွားသောစကားသည် သူ၏ရည်ရွယ်ချက်အစစ်အမှန်ဖြစ်လေသည်။ စကားအလျဉ်းသင့်တိုင်း ဝန်ကြီးချုပ် ဟောင်း ဦးနု ပြောခဲ့ သလို ဘီအိုင်အေခေတ်၌ "လူနပ်ချမ်းသာ" များကောင်းစားခဲ့သော်လည်း ဗိုလ်ချုပ်သည်သေသည်အထိလူလုံးချည်းသာကျန်ရစ်ခဲ့သည်။ သူပိုင်ပစ္စည်းပစ္စယဟူ၍ဘာမျှမယ်မယ်ရရမရှိခဲ့။

**"လွတ်လပ်ရေး ရပြီးရင် ဆရာရယ်ကျွန်တော်တို့တစ်တွေ မြန်မာယဉ်ကျေးမှုနဲ့နီးစပ်တဲ့ ယိုးဒယား၊ အင်ဒိုချိုင်းနား၊ မလေးကျွန်းဆွယ်ဆိုတာတွေကို သွားပြီးလေ့လာကြရအောင်ဗျာ"**

ဗိုလ်ချုပ်၏အလုပ်လုပ်ပုံကိုလည်းအကျယ်ချဲ့စရာမလို။ သူ၏စိတ်ထဲတွင်လွတ်လပ်ရေးလုပ်ငန်းတစ်ခုကို သာစိုက်လိုက်မတ်တတ်စွဲ၍နေလေရာမိုးလင်းမှသန်းခေါင်ကျော်အထိ သူတကာထက်ပို၍အလုပ်လုပ်နိုင်သည်။ အလုပ်လုပ်ရာ၌လည်း ငါကားခေါင်းဆောင်၊ သူကား နောက်လိုက်ဟုခွဲခြား၍လုပ်သောသဘောမရှိ။ နေရာတကာအသေးအဖွဲ့၌ ဩဇာပေး၍လုပ်ဆောင်ခြင်းမျိုးမဟုတ်ဘဲ သူ့နေရာနှင့်သူ နောက်လိုက်ငယ်သားတို့နှင့် ဝေပုံကျအလုပ်ကို လုပ်ခဲ့ပေသည်။

ယူစရာရှိလျှင်နောက်လိုက်ငယ်သားတို့ထက်လျော့ယူသည်ဟူရာ၌အကျိုးခံစားခွင့်ရှိသည်တို့ကိုမိမိတို့ချည်းသာလောဘတကြီးလက်ဝါးကြီးအုပ်ခြင်းမျိုး မရှိသည်ကိုလေးနက်အောင်ဆိုသောစကားဖြစ်သည်။ ရဲဘော်သုံးကျိပ်တို့တွင် မူလကပင်ဦးစီးခေါင်းဆောင်ကြံ ဆောင်စွန့်စားသည်ကား ဗိုလ်ချုပ်ပင်ဖြစ်၏။ သာမန်အားဖြင့်ကြည့်လျှင်မြန်မာ့နိုင်ငံရေးလုပ်ကြရာ၌ရာထူးသော် လည်းကောင်း၊ အာဏာသော်လည်းကောင်း၊လာဘ်လာဘသော်လည်းကောင်းရစရာရှိလာသောအချိန်တွင်ခေါင်းဆောင်လုပ်သူ၏လောဘဇောသည်တတ်ကြွလာသည်ကိုသာ တွေ့ရဖူးသည်။ ဗိုလ်ချုပ်၏ဘဝဖြစ်စဉ်ကိုကြည့်လျှင်ဂျပန်ပြည်မှနေ၍ထိုင်းကိုဖြတ်ကာမြန်မာပြည်သို့ရောက်သည်နှင့်တစ်ပြိုင်နက်ကျွန်တော်အထက်တွင်ဖော်ပြခဲ့သော "ကန်ချ" သည့်နည်းဖြင့်မြန်မာ့ခေါင်းဆောင် လက်ဟောင်းများကိုကန်ချနိုင်ပါ၏။ ရဲဘော်ရဲဘက်တို့ကို စွန့်၍ ဂျပန်အား "မှန်ပ့ါဘုရား" လုပ်ကာဂျပန်၏အလိုတော်ရိ အနေဖြင့် မြန်မာတစ်ပြည်လုံးကိုသူ၏ ဘိုးဘ ပိုင်ပစ္စည်းပမာ ပြုကျင့်နိုင် ပါ၏။ သို့သော်သူသည် ဤသို့ မပြုကျင့်ခဲ့။ သည်မျှမက သေး အချို့သောသူ၏ရဲဘော်ရဲဘာက်တို့ကသူ့အားရာဇဝတ်ကောင်အဖြစ်သွတ်သွင်းရလေအောင် ပြုမူခဲ့သည်ကိုပင်ရန်တုံ့မူသောအမူအရာမပြဘဲသည်းညည်းခံခဲ့၏။ အဆိုပါအချက်တို့သည် ဗိုလ်ချုပ်၏ခေါင်းဆောင်ပီသသောအင်္ဂါရပ်များဖြစ်ချေသည်။

သို့သော် ဗိုလ်ချုပ်၏ဘဝသည် "တစ်ကိုယ်တော်" ဘဝဖြစ်၏။ သူ၏ဇာတ်လမ်းသည်အလွမ်းဇာတ်လမ်းဖြစ်၏။ သူ့၌မသေမီသာတောင့်သာယာရှိသော အိမ်ထောင်ရေးသုခသည်အမှန်ပင်ရှိခဲ့ပါ၏။ လင့်အလိုကိုသိ၍ဝတ်ကြီးဝတ်ငယ်ပြုတတ်သော ဇနီး၊ အိမ်၏ဆည်းလည်းနှင့်တူသောသားသမီးတို့သည်ဗိုလ်ချုပ်၏အိမ်ထောင်ရေးသုခတို့ကိုအမှန်ပင်ဖန်တီးခဲ့ပါ၏။ သို့သော် နိုင်ငံရေးလောက၌ဗိုလ်ချုပ်သည်မိမိ၏တစ်ကိုယ်တော်ဘဝကိုတွေး၍ဆွေးခဲ့ရ၏။ လွတ်လပ်ရေးကြိုးပမ်းမှုရာဇပလ္လင်၌မိမိ၏အသက်ကိုစတေးရမည်ကိုမဆွကပင်ရိပ်မိခဲ့၏။ သို့သော်ဗိုလ်ချုပ်သည် အသက်စွန့်ရန်ဝန်လေးဟန်မရှိခဲ့။ လောက၌နောက်လိုက်ငယ် သားများပြားလှသည့်အထဲတွင်နိုင်ငံရေးအားဖြင့် မိတ်ဆွေကောင်း များ၏အလယ်တွင်ရန်သူဝိုင်းနေသောတစ်ကိုယ်တော်ဘဝမှာ ဗိုလ်ချုပ်၏စိတ်ကိုထိခိုက်ခဲ့၏။

ဗိုလ်ချုပ်သည်ရာထူးဌာနန္တရကိုလက်ကိုင်ပြုနေသောပုဂ္ဂိုလ်ဘဝနှင့်မနေတတ်။ နှလုံးကောင်းသူဖြစ်လေရာ အယုတ်အလတ်အမြတ်မရွေးသူ့အားထောက်ခံသူကိုဖြစ်စေ၊ သူနှင့်ဆန့်ကျင်

သူကိုပင်ဖြစ်စေမိတ်ဆွေပြုလို၏။ စိတ်အားငယ်နေသော အချိန်တစ်ချိန်တွင် ဗိုလ်ချုပ် သည် ထိုနူးညံ့သောစိတ်ထားကိုဆောင်လျက်သူ၏ဝမ်းတွင်း၌ရှိသောစိတ်ကိုအန်ထုတ်ရန် အလို့ ငှာဘုရင်ခံဟောင်း ဆရာရက်ဂျီနယ်ဒေါ်မန်ဆမစ် ရှိရာသို့လာခဲ့၏။ သူသည်သူ၏တစ်ကိုယ်တော်ဘဝကိုပြောပြ၏။

“ကျုပ်ဟာအမြဲပဲအဖော်မဲ့နေတယ်” ဟုဆို၏။

“ခင်ဗျားဟာတစ်နိုင်ငံလုံးရဲ့ကြည်ညိုရာပုဂ္ဂိုလ်ဖြစ်နေပါလျက်ကယ်နဲ့ဘယ့်နှယ်ကြောင့် မိတ်ဆွေမရှိဘူးလို့ ပြောရတာလဲ” ဟု ဒေါ်မန်ဆမစ်က ပြန်မေး၏။

“ကျုပ်ကဒီလိုတစ်နိုင်ငံလုံးရဲ့ကြည်ညိုစရာဘဝရောက်ဖို့ရည်မှန်းခဲ့တာ မဟုတ်ဘူးဗျ။ ကိုယ့်နိုင်ငံရဲ့လွတ်လပ်ရေး ရဖို့လောက်သာအလုပ်လုပ်ခဲ့တာ။ ဒီအလုပ်ကိုလုပ်ခဲ့ရာမှာ ဒီလိုပဲတစ်ယောက်ထီးတည်းဖြစ်နေလိမ့်မယ်လို့ ကျုပ်တစ်ခါမှမတွေးမိခဲ့ဘူး” ဟူ၍ ဗိုလ်ချုပ်သည် ပြန်ပြော၏။

ထို့နောက်မျက်ရည်ပင်ကျရှာ၏။ ဒေါ်မန်ဆမစ်ကစိတ်သက်သာရာရစေရန်အားပေး၏။ သို့သော် ဗိုလ်ချုပ်ကားစိတ်သက်သာရာမရ။ “အမျိုးသားအာဇာနည်ဆိုတဲ့ပုဂ္ဂိုလ်တွေဟာ ဘယ်လောက်များကြာကြာခံသလဲ”ဟု ဗိုလ်ချုပ်သည်စိတ်နာကြည်းစွာနှင့်မေး၍

”ဒီတိုင်းပြည်မှာ ကြာကြာမခံဘူးဗျ။ အာဇာနည်ဆိုတဲ့ပုဂ္ဂိုလ်တွေမှာရန်သူတွေဝိုင်းလွန်းလှတယ်။ အလွန်ဆုံးသုံးနှစ်ခံမယ်လို့သာအများဆုံးမျှော်လင့်နိုင်တယ်။ ကျုပ်အဖို့တော့ ကျုပ်ဟာ နေရလှနောက်ဆယ့်ရှစ်လပါပဲလို့ တွက်ထားတယ်” ဟုပြောလေသည်။

ဗိုလ်ချုပ်သည်သူသေနေ့စေ့တော့မည်ကိုပြောခဲ့သည်။ ဤကားနိမိတ်တည်း။ ဗေဒင်ပညာရှိများကသူ့အားကြိုတင်သတိပေးခဲ့သည့်အတိုင်းလည်းဖြစ်၏။ သူသည်သူ၏အချိန်တိုတောင်းလှပြီကို သူသိ၏။ ထို့ကြောင့် ဤအချက်ကို ဒေါ်မန်ဆမစ်အားမပြောဘဲမနေနိုင်ခဲ့ချေ။ သူမျက်ရည်ကျခဲ့သည်မှာ ကြောက်ရွံ့၍မဟုတ်။ သူ၏မလွှဲသာ သောကံကြမ္မာကိုလက်မခံဝံ့၍လည်းမဟုတ်။ သူ့ရင်တွင်ရှိသမျှကို ဖွင့်ဟပြောပြရန် တစ်ယောက်တော့ရှိလေရဲ့ ဟူသောအချက်ကြောင့်တွေး၍ ဆွေးမိခြင်းဖြစ်လေသည်။

ဆရာမောင်ထင် ခင်ဗျား
လွန်ခဲ့သောနှစ်ပေါင်းရာစုတစ်ဝက်ကျော်ကဆရာရေးခဲ့သောစာသားများမှာလွန်စွာထိမိလှပါသည်၊ဆရာ့စာကိုဖတ်ပြီးကျွန်တော်တို့သည်ကွယ်လွန်သူဗိုလ်ချုပ်ကိုလွမ်းဆွတ်ကြသည့်နည်းတူဗိုလ်ချုပ်၏ခေါင်းဆောင်ကောင်းအရည်အသွေးများကို များစွာသတိရမိကြပါသည်၊

ယခုအခါငြိမ်းချမ်းရေးကောင်စီဟုခေါ်ဆိုသောစစ်ဗိုလ်တစုကပြည်သူလူထုကိုလက်နက်အားကိုးအနိုင်ကျင့်ခါနိုင်ငံတော်အာဏာကိုသိမ်းယူထားပြီး တိုင်းပြည်ပိုင်သယံဇာတပစ္စည်းများကိုမိမိပိုင်သဘွယ်ဗိုလ်ကျသုံးစွဲနေသည်များကိုဗိုလ်ချုပ်မြင်ရလျှင်စိတ်ကောင်းနိုင်ဘွယ်မရှိပါ၊

ဗိုလ်ချုပ်ကအနစ်နာခံပြီးနယ်ချဲ့ကိုတွန်းလှန်ခဲ့သလိုဗိုလ်ချုပ်၏သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်ကဒီမိုကရေစီရေးအတွက် တိုက်ပွဲဝင်လျက်ရှိပါသည်၊

စစ်ဗိုလ်ချုပ်ကြီးများအဖို့ဆရာစာကိုဖတ်ပြီးသတိတရားရကြသည်ဆိုလျှင်ဆရာ့ခွင့်ပြုချက်မယူဘဲဆရာ့ စာများကိုဖေါ်ပြမိခြင်းအတွက်ဆရာမှခွင့်လွတ်နိုင်လိမ့်မည်ဟုကျွန်တော်တို့ရိုးသားစွာမျှော်လင့်မိပါသည်၊

အယ်ဒီတာအဖွဲ့ (Rebound88)

မောရစ်(စ်)ကောလ(စ်)သည် ဤသို့ ဗိုလ်ချုပ်အကြောင်းကို မှတ်တမ်းတင်ခဲ့၏။ ဤကား ဗိုလ်ချုပ်ဘဝ၏လွမ်းခန်းတည်း။ ကျွန်ုပ်တို့မြန်မာနိုင်ငံတော်အတွက်ခက်နေသောအချက်တစ်ချက်မှာဗိုလ်ချုပ်အလွမ်းဇာတ်သည်မြန်မာ့အလွမ်းဇာတ်ပင်ဖြစ်နေသောအချက်တည်း။

ကျွန်ုပ်သည်ဤမျှနှင့်ပင်နိဂုံးချုပ်လို၏။ သို့သော် ကျွန်ုပ်၏ဆိုလိုရင်းထင်ရှားအောင်ထပ်မံဖော်ပြလိုသည်ကား မြန်မာစကား၌ “နိုင်ငံရေးတွင်မိတ်ဆွေမရှိ” ဟူသောအချက်ပင်ဖြစ်ပါ၏။ ဗိုလ်ချုပ်၏ဂုဏ်ထူးဝိသေသ ငါးရပ်တို့ကိုပြန်လှန်စစ်ဆေးကြည့်လျှင် ဗိုလ်ချုပ်သည်အများထက်ပို၍ထူးခြားအောင်လုပ်ဆောင်နိုင်သောအချက်တစ်ချက် ရှိသည်။ ထိုအချက်ကား သတ္တိရှိခြင်း၊ စွန့်ခြင်း၊ သန့်ရှင်းခြင်း၊ အလုပ်ပိုလုပ်ခြင်း၊အကျိုးကိုလျှော့၍ခံစားခြင်းဟူသော ဂုဏ်နှင့်သာပြည့်စုံရုံမက သူနှင့်အပေါင်း အပါတို့ကိုလည်း သူကဲ့သို့ပင်ထိုဂုဏ်နှင့်ပြည့်စုံလာ အောင်ဆောင်ကြဉ်းနိုင်သော အစွမ်းပင်ဖြစ်၏။

အကယ်၍ နောင်တစ်ခေတ်၌တက်မည့်ခေါင်းဆောင်လောင်းတို့သည်ကျွန်တော်ဖော်ပြခဲ့သောဗိုလ်ချုပ်၏စွမ်းရည်သတ္တိကိုကောင်းစွာအမွေခံနိုင်ကြပါမူကား နိုင်ငံရေး၌မိတ်ဆွေ မရှိဟူသောအစဉ်အလာဆိုးကြီးသည်ပပျောက်၍ နိုင်ငံအကျိုးကိုဆောင်ရွက်သူတိုင်းကိုလူထုကမိတ်ဆွေဟုအားကိုးသည့်ဘဝသို့ရောက်နိုင်လိမ့်မည်ဟုမျှော်လင့်မိသည်။